
ပြည့်ဝပျော်ရွှင်
စာအုပ်အမှတ်(၂၅)

နပါမောင်(မိုးတား)

သရေဒတတ်ပညာရပ်ကာ

# ဂေဟဝတ်

## နန်းသုံးနက္ခတ်ပညာ



## စာရေးသူ၏ အမှာ

ကောင်ဇူစက်အကြောင်းကို ကြားဖူးခဲ့သည် မှာ ကာလတစ်ခုတော့ရှိခဲ့ပြီ ဖြစ်၏။ သို့သော်လည်း တစ်ခါမှ နက်နက်နဲနဲ မလေ့လာခဲ့ဘူး။ သမန်ကာလျှံကာဖြင့် ခပ်ဝေးဝေး ခပ်စိမ်းစိမ်းနေခဲ့မိ၏။

ဖြစ်ချင်တော့ သိပ်မကြာခင်ကာလ တစ်နည်းအားဖြင့် - ၂၀၁၅ ခုနှစ်ကျတော့မှ ကျွန်တော် အင်မတန် လေးစားသော ဆရာကြီးKN Rao မှတည်းဖြတ်ပေးသောဆရာ KK Joshi ရေးသားသည့် ကောင်ဇူစက်ကျမ်းစာအုပ်ကို အွန်လိုင်းတွင် တွေ့ရှိ၍ အမှတ်မထင် ဝယ်ယူလိုက်မိ၏။ အမှန်အားဖြင့်ဆိုရင် - နည်းစနစ်ကွဲများ စွာ၊ နည်းစနစ် တစ်ခုတည်းမှာ ပင်လျှင် **မူကွဲ - ပုံစံကွဲများ ပြားလှသော ဗေဒင်လောကတွင် - နည်းစနစ်တစ်နည်းနည်းကို ဆရာကြီး KN Rao ကိုယ်တိုင် ပါဝင် ပတ်သက် လာပြီဆိုလျှင် - ထိုနည်းစနစ်သည် စိတ်ချအားကိုးရသော နည်းစနစ်ဖြစ်ကြောင်းကို ကျွန်တော်သိသောကြောင့်လည်း ဝယ်ယူဖြစ်ခြင်း ဖြစ်၏။**

စာအုပ်၊ စာပေတို့ နှင့် ပတ်သက်၍ ကျွန်တော့် အနေဖြင့် ဖြစ်တတ်သည် က . . .

* များ စွာသော စာအုပ်တို့ ကို ဝယ်ရုံသာဝယ်၍ မဖတ်ဖြစ်။

*တစ်ဖန်ဝယ်ထားသော စာအုပ်တို့ ကို ဖတ်ရုံသာဖတ်၍ ချမရေးဖြစ် ။

ဒီလိုအနေအထားမျိုးရှိနေသည့် ကိုပင် အလုပ်များ လို့ အချိန်မရလို့ ဟု ကိုယ့်ကိုကိုယ် ဆင်ခြေပေး၊ အပျင်းထူနေခဲ့သူ ဖြစ်၏။

ဖြစ်ချင်တော့ ဒီစာအုပ်ကို ဓာတ်ပုံရိုက်၍ - အွန်လိုင်းတင်လိုက်မိချိန် ခင်မင်ရင်းစွဲလည်း ရှိ၊ နက္ခတ် ပညာလောကတွင် ကျွန်တော့်အနေဖြင့် လည်း လေးစားရသော ဆရာမြတ်သိမ်းကျော် ခေါ် ဆရာဦးအောင်သန်း ( မန္တလေး ) က -

" ဆရာရေ ဒီစာအုပ်လေး - ရေးပေးပါဟု ပြောလာ၏။ ထို့ကြောင့် အခြားစာအုပ်များ ဖတ်သကဲ့သို့ အပျင်းပြေဖတ်သည် မျိုး မဟုတ်တော့ဘဲ။ ဖတ်ယင်းရေး၊ ရေးယင်း သုတေသနပြု။ လက်တွေ့ ဇာတာများ စစ်ဆေးဖြစ်တော့၏။

## ထူးခြားသည့် အချက်က

ထိုစာအုပ်ကို ဖတ်မိချိန်မှ ယနေ့အထိ - ဇာတာတိုင်းကို လေ့လာစစ်ဆေးတိုင်း တခုမကျန် ကောဋ္ဌစက်ကိုပါ ကျွန်တော်သုံးစွဲ၏။ သုံးတိုင်းလည်း ကြောက်စရာကောင်းအောင် မှန်၏။ တဘက်တွင် နက္ခတ်ဗေဒင်ပညာရပ်တွင် ပညာရပ်ခွဲများ စွာရှိ၏။ ထိုအထဲတွင် သရောဒယပညာရပ်သည် လည်း ပညာရပ်ခွဲတခု ဖြစ်၏။

သရောဒယပညာတွင် - အိန္ဒိယမူ၊ မြန်မာမူကွဲသည် သာမက - မြန်မာမူတွင် လည်း ဆရာအမျိုးမျိုးတို့ ၏ ကိုယ်ပိုင်နည်းမူ အမျိုးမျိုးတို့ ရှိသည် ဖြစ်၏။

ဆရာများ စွာတို့ ၏ အယူအဆ ကိုယ်ပိုင်အာဘော်တို့ မတူကွဲပြားမှုများ ရှိ၏။ ကျွန်တော်အင်မတန်လေးစားသော ဆရာကြီး KN Rao မှ တည်းဖြတ်ပေးသော " ကောဌ " စက် ပညာရပ်ကို ကျွန်တော့်ကိုယ်ပိုင်တွေ့ရှိချက်များ နှင့် ပေါင်းစပ်၍ မြန်မာ ပညာရှင်၊ မြန်မာဝါသနာရှင်များ အကျိုးအတွက် မြန်မာမှုပြုခဲ့ခြင်းဖြစ်ပါ၏။ ကျွန်တော့် စာအုပ်သည် မိမိ၏ ဆန်းစစ်ချက်၊ သုတေသနပြုချက် မပါပဲလျက် မူရင်းစာရေးသူ၏ အာဘော်အတိုင်းတိုက်ရိုက် ပြန်ဆိုသောကျမ်းမျိုး မဟုတ်ကြောင်းကို ဝန်ခံ၏။

**စန်းယှဉ် နက္ခတ် မသိ၍ ဖြစ်စေ၊ မိမိကိုယ်ပိုင် အတွေ့အကြုံများ အရနာမနက္ခတ် ကိုသုံး၍ ဖြစ်စေ၊ ပညာရှင်တို့ ကျွမ်းကျင်သလို နှစ်ခြိုက်သလို သုံးစွဲ၍ ရသော ပညာခန်းဖြစ်ပါသည် ။**

ကောင်းသည် မှာ နာမနက္ခတ်နှင့်သုံးမည် ဆိုလျှင်လည်း စာအုပ်တွင် ဖော်ပြထားသကဲ့သို့ ကောဇာဂြိုဟ်မြင်များ နှင့်ပါ ညှပ်တွဲသုံးပါလျှင်၊ ဟောကိန်းများ တိကျနေမည်သာ ဖြစ်ပါ၏။ ဤစာအုပ်ကို ဖတ်မိသောပညာရှင်၊ ဝါသနာရှင်တို့ အနေဖြင့် ဖတ်ကြည့်ပါ။ ချတွက်ကြည့်ပါ။ မိမိအနေဖြင့် အဆင်အပြေဆုံး အနှစ်ခြိုက်ဆုံးသော ပုံစံကိုသုံးပါ။ တကယ်သုံးကြည့်လျှင် တကယ်အသုံးကျမှန်း သိလာမည့်ပညာရပ် ဖြစ်၏။

ဗေဒင်ပညာရှင်တို့ မည်သည် မိမိထံလာရောက် အကြံဉာဏ်တောင်းခံလာသူကို အကောင်းဆုံးအကြံဉာဏ်၊ အမှန်ကန်ဆုံးအဖြေ၊ အထိရောက်ဆုံးအကြံဉာဏ် ပေးနိုင်ရေးသည် အဓိကကျသည် ဖြစ်၏။

လာမေးသူတို့ အနေဖြင့် မှန်ကန်၊ နှစ်ခြိုက်၊ ကျေနပ်စေရန် မိမိ၏ ပညာခန်းက အထောက်အကူ ပြုနိုင်ရေးသည် သာ လိုရင်းဖြစ်ပါသည် ။

ပညာရှင်၊ ဝါသနာရှင်ဆရာများ မိမိတို့ အတွေ့အကြုံနှင့် မိမိတို့ အား

သန်သလို ဟောပြောမှန်ကန်နိုင်ကြစေရေးအတွက် ဤစာအုပ်မှ အထောက်အကူပြု ကူညီပေးနိုင်မည်ဟု ကျွန်တော့်အနေဖြင့် ကောင်းစွာယုံကြည်မိပါသည် ။

**ချမ်းမြေ့သော နှလုံးသားများ ပိုင်ဆိုင်ကြပါစေ . .**

**ချူမာန်** ( မိုးတား - MOTAA )

B . E ( Mechanical , RIT )

M . Sc ( Mechanical , NUS , Singapore )

I . D . C . S ( N . C . C Manchester , U . K . )

The Member of The Astronomical

Society of Singapore ( TASOS )

Founder of MOTAA Vedic System .

*****

## စာရေးသူ၏ အမှာ

ဂြိုဟ်တို့ သည် ဘာသာစကားမျိုးစုံဖြင့် ကျွန်ုပ်တို့ လူသားများအား ဆက်သွယ်၏။ " ချက္ကရ ခေါ်စက် " များ သည် လည်း ယင်းဘာသာစ

ကားတို့ အနက်မှ တစ်ခုဖြစ်တော့၏။ " ချက္ကရ ခေါ်စက် " တို့ သည် ရာသီသို့မဟုတ် နက္ခတ်တို့ အား - ကိစ္စရပ်တစ်ခု သပ်သပ်မှတ်မှတ်အတွက် ရည်ရွယ်၍ - တွက်ချက် ဟောပြောမှုရှင်းလင်းစေရန် အထူးစီစဉ်ထားချက်များ ဖြစ်လေ၏။ " ကောဠမ္စက် " သည် များ စွာသော " သရောဒယစက် " တို့ အနက်မှ တစ်ခုဖြစ်၍ ဤစာအုပ်တွင် ၎င်းစက်နှင့်ပတ်သက်၍ တင်ပြဆွေးနွေးပေးမည် ဖြစ်၏။

တွက်ချက်မှု၏ ကနဦးအစသည် ကား ဇနမနက္ခတ်ပင် ဖြစ်တော့၏။ ဂြိုဟ်တို့ ၏ နက္ခတ်များ တွင် ကောဇာလှည့်ပတ်တည်ရှိမှု အနေအထားမှ နေ၍ ဇာတာရှင်၏ ကျန်းမာရေးနှင့် ပျော်ရွှင်မှုတို့ ကို စနစ်တကျ လေ့လာနိုင်ရန်အတွက် ၂၈ - လုံးသော နက္ခတ်တို့ အား အလွန်အရေးပါသော နက္ခတ်များ ၊ သိပ်အရေးမပါသော နက္ခတ်များ ဟူ၍ ခွဲခြားလိုက် စီစဉ်လိုက်ခြင်းသည် ပင် " ကောဠမ္စက် " ဖြစ်တော့၏။

ဤစာအုပ်ကို လေ့လာခြင်းဖြင့် စာဖတ်သူအနေဖြင့် အောက်ပါမေးခွန်းများ အတွက်အဖြေများ ရလာပါလိမ့်မည်။

၁။ " ကောဠမ္စက် " သည် မည်သည့်အရာနည်း။ ၎င်း၏ မည်သည့် အစိတ်အပိုင်းများ သည် ပို၍ အရေးပါသနည်း။

၂။ " ကောဠမ္စက် " အရ - ပါပဂြိုဟ် ကောဇာစီးနင်းသည် ဆိုသည်မှာ အဘယ်နည်း။

၃၊ ပါပဂြိုဟ်၏ သတ္တိစရိုက်တို့ သည် အဘယ်ဖြစ်လေသနည်း။ ( ရောဂါ မည်သည့်ရောဂါ၊ သေဆုံးခြင်း၊ မတော်တဆ အန္တရာယ်၊ မိမိကိုယ်လုပ်ကြံမှု၊ စိတ်ဒုက္ခ ခံစားရမှုရ) ဤအကြောင်းအရာတို့ အား နောက်တွင် ပါရှိမည့် အခန်း ၄ - မှ အခန်း ၆တွင် ဆွေးနွေး တင်ပြပေးပါမည်။

"ကောဠမ္စက်နှင့် ပါတ်သက်သော ရှုထောင့်စုံအား - လက်တွေ့ဇာ

တာများ နှင့်တကွ တင်ပြပေးမည် ဖြစ်၏။ ပါဝင်သောဖြစ်ရပ်တို့ ၏ အကျဉ်းချုပ်အား - စာဖတ်သူတို့ အတွက် ဇယားဆွဲဖော်ပြပေးမည်မှာ တဖက်ပါအတိုင်း ဖြစ်၏။

| နမူနာအမှတ်စဉ် | ဖြစ်ရပ် အနေအထား | သုံးစွဲသည့် ဥပဒေသ |
|---|---|---|
| နမူနာအမှတ်စဉ် (၃.၁) | သေဆုံးချိန် (ကောဇာအနေအထား သက်သက်) | "ကောဋ္ဌ စက်" တွင်ပါပ အတွင်း၊ သောမအပြင် |
| နမူနာအမှတ်စဉ် (၃.၂) | ဦးကျောက် သွေးကြောပြတ် ရာမှပြန်လည်ကောင်းလာခြင်း (ကောဇာ အနေအထားသက်သက်) | "ကောဋ္ဌ စက်" တွင်ပါပ အတွင်း၊ သောမအပြင် |
| နမူနာအမှတ်စဉ် (၃.၃) | နလုံးရောဂါနှင့် ခွဲစိတ်ကုသခြင်း (ကောဇာအနေအထားသက်သက်) | "ကောဋ္ဌ စက်" တွင်ပါပ အဝင်၊ သောမအထွက် |
| နမူနာအမှတ်စဉ် (၃.၄) | ပြင်းထန်သော မတော်တဆအန္တရာယ် (ကောဇာအနေအထား သက်သက်) | "ကောဋ္ဌစက်" တွင်ပါပ အဝင်– သောမအထွက် |
| နမူနာအမှတ်စဉ် (၃.၅) | မတော်တဆ အန္တရာယ်ဖြင့် သေဆုံးခြင်း (ကောဇာအနေအထားသက်သက်) | အထွက်ပြုသော ပါပဂြိုဟ်တို့"ကောဋ္ဌ စက်"၏ အပြင်ပိုင်းတွင် ဝကြွသွားခြင်း။ |
| နမူနာအမှတ်စဉ် (၃.၆) | မတော်တဆ အန္တရာယ်ဖြင့် သေဆုံးခြင်း (ကောဇာအနေအထားသက်သက်) | အဝင်ပြုသော ပါပဂြိုဟ်တို့"ကောဋ္ဌ စက်"၏ အတွင်းပိုင်းတွင် ဝကြွသွားခြင်း။ |
| နမူနာအမှတ်စဉ် (၃.၇) | သေနတ်ဖြင့် ပစ်သတ်ခံရခြင်း (ကောဇာအနေအထားသက်သက်) | အဝင်ပြုသော သောမဂြိုဟ်တို့ ဝကြွသွားခြင်း။ |
| နမူနာအမှတ်စဉ် (၃.၈) | သေဆုံးချိန်(ကောဇာအနေအထား သက်သက်) | ပါပတို့မှ အပိုင်းတစ်ခုတွင် ဟန့်တားခြင်း<br>၃–ချက် |
| နမူနာအမှတ်စဉ် (၃.၉) | သေဆုံးချိန်(ကောဇာအနေအထား သက်သက်) | ပါပဂြိုဟ်တို့"ကောဋ္ဌနက္ခတ်"တို့တွင် ကောဇာစီးနင်းခြင်း။ |

| | | |
|---|---|---|
| နမူနာအမှတ်စဉ် (၃.၁၀) | လည်ချောင်း ကင်ဆာ- ရောဂါ သံသယဖြစ်စေသော ချက် ကုသချက်နှင့် ပြန်လည်ကောင်းမွန်ခြင်း။ | "ကောင်ဇစက်"၏ ကောဇာအား တစ်နှစ်တာ ကာလ လေ့လာခြင်း။ |
| နမူနာအမှတ်စဉ် (၄.၁) မှ ၄.၄ | သေဆုံးချိန် (အသေးစိတ် လေ့လာချက်) | သက်တမ်း စေ့ဆေးခြင်း၊ သဘာဝနှင့် ကာရက ပါပ သဘောများ၊ ကောဇာနှင့် ကောင်ဇ စက်တွင် အကျုံး ဝင်ဖြစ်တည်ခြင်း။ |
| နမူနာအမှတ်စဉ် (၄.၅) မှ ၄.၇ | ရောဂါရခြင်း နှင့် ပြန်ကောင်းလာခြင်း။ (အသေးစိတ် လေ့လာချက်)။ | ဇာတာတွင် ပေါင်းစပ်နေချက်များ၊ ပါပသဘော၊ ကောဇာနှင့် ကောင်ဇစက် ဆိုင်ရာ ဥပဒေသများ |
| နမူနာအမှတ်စဉ် (၅.၁) မှ ၅.၄ | သေနိုင်လောက်သော မတော်တဆများနှင့် မသေနိုင်သော မတော်တဆများ (အသေးစိတ်လေ့လာချက်) | ဇာတာတွင် ပေါင်းစပ်နေချက်များ၊ သဘော၊ ကောဇာနှင့် ကောင်ဇစက် ဆိုင်ရာ ဥပဒေသများ |
| နမူနာအမှတ်စဉ် (၅.၅) မှ ၅.၈ | မိမိကိုယ် သတ်သေခြင်း (အသေးစိတ် လေ့လာချက်) | ဇာတာတွင် ပေါင်းစပ်နေချက်များ၊ သဘော၊ ကောဇာနှင့် ကောင်ဇစက် ဆိုင်ရာ ဥပဒေသများ |
| နမူနာအမှတ်စဉ် (၆.၁) မှ ၆.၂ | ဥပဒေကြောင်း ယှဉ်ပြိုင်ခြင်း၊ ထောင်ဒဏ်ကျ ခြင်း။ (အသေးစိတ်လေ့လာချက်) | သဘော၊ ကောဇာနှင့် ကောင်ဇစက် |
| နမူနာအမှတ်စဉ် (၆.၃) မှ ၆.၄ | အစိုးရများပြုတ်ကျခြင်း။ | အစိုးရ၏ ကောင်ဇစက်မှ ပြဆိုသော အစိုးရ၏ အကျိုးများ |
| လုပ်ငန်းနမူနာများ | ကောင်ဇစက်ကိုဖြင့် ဇာတာရှင်၏ ဘဝ အပြောင်းအလဲ | ကောင်ဇစက်ကို သုံး၍- ဇာတာရှင်၏ ဘဝလမ်းကြောင်း၊ လုပ်ငန်း စီးပွားအား ဟောပြော သုံးသပ်ခြင်း |

ဤစာအုပ်သည်ကားအများနှင့် မတူတစ်မူထူးခြားသော စာအုပ်ဖြစ်သဖြင့် - စာရှုသူတို့ အနေဖြင့်ကောင်းစွာ အကျိုးရှိစေမည်ဟု ယုံကြည်ပါသည်။

*****

# အခန်း ( ၁ ) နိဒါန်း

လူတစ်ဦး၏ ဇာတာခွင်တွင် - သတ်မှတ်ထားသော အချိန်တစ်ခုတွင် ( မွေးချိန် / ကောဇာစသဖြင့်) တည်ရှိနေသောဂြိုဟ်တို့ ၏ ရာသီတည်နေရာများ ၊ နက္ခတ်တည်နေရာများ စသည် ဖြင့် ပါဝင်လေ၏။ ဖြစ်ရပ်တစ်ခုဖြစ်ပွားမည် - မဖြစ်ပွားမည်ကို ဆုံးဖြတ်ရန် အတွက် ကောဇာအနေအထားများ ၊ ဒသာများကို လေ့လာရာတွင် မူလဇာတာပါ ဂြိုဟ်တို့၏ တည်နေရာများ သည် မှီငြမ်းချက်နေရာ Reference Point များ ဖြစ်ပါ၏။

ဂြိုဟ်တစ်လုံး သို့မဟုတ် ဂြိုဟ်အများ တို့ ၏ ကောဇာတည်နေရာများ သည် ဖွား ဇာတာတည်နေရာများမှ ညွှန်းထောင့်အသွင် အမျိုးမျိုးဖွဲ့စည်းခြင်းဖြင့် ဇာတာရှင် အတွက်ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ရပ်တို့ ဖြစ်နိုင်စရာ သတင်းအချက်အလက်များကို ပေးစွမ်းနေတော့၏။ ထိုသို့သော ညွှန်းထောင့်တို့ ကို ကျွန်ုပ်တို့ က - " ကောဇာဂြိုဟ်အမြင် ပြုခြင်း " ဟု ခေါ်ဝေါ်သမုတ်ထားကြ၍ ကွဲပြားသော အနေအထားတို့ ၊ ကွာခြားသော ရည်ရွယ်ချက်တို့ ဖြင့် သုံးစွဲကြရာတွင် မတူညီသော အဓိပ္ပာယ်များ စွာလည်း ရှိနေလေ၏။ ထို့ကြောင့်လည်း ထိုသို့သော ကောဇာနေအထားနှင့် နက္ခတ်ဗေဒင်ဟောချက် ထုတ်ရာတွင် ရှုပ်ထွေးနက်နဲသော အဆင့်ကို ဖြတ်သန်းရတော့၏။ ထိုသို့သော ရှုပ်ထွေးမှုအား ပြေလည် ရှင်းလင်းစေခြင်းငှာ အမျိုးမျိုးသော " ချ

ဏ္ဍရ " ခေါ် " စက် " တို့ ကို သက်ဆိုင်ရာ အသုံးအမျိုးမျိုးအတွက် - ရှေး သူတော်စင်ရသေ့ ဆရာမြတ်များ သည် ဖော်ထုတ်ပေးခဲ့ကြ လေ၏။ " ကောဋ္ဌစက် " သည် ထိုသို့သော စက်တို့ အနက်မှ တစ်ခုဖြစ်လေ၏။ ဘ ဝ တစ်ခုအတွက် အရေးကြီးသော D - ၃ - မျိုးဟု ဆိုနိုင်သောရောဂါ ( Di sease )၊ အမှုအခင်း ( Dispute )၊ သေဆုံးခြင်း ( Death ) တို့ ကို ဖော်ထု တ်နိုင်သည့် ကောဇာဟောချက်အတွက် သုံးနိုင်ခြင်းကြောင့် " ကောဋ္ဌစ က် " ၏ အရေးပါပုံကို မြင်သိနိုင်ကြပါမည်။

" ကောဋ္ဌစက် " အား - စစ်မက်ကိစ္စများ တွင် အသုံးပြုရာတွင် သုံးစွဲ ပုံဖော်ပြထားသော ကျမ်းများ စွာလည်း ရှိသေးပြီး - ၎င်းအား - မည်သူမျှ အနိုင်မပြုသော မိုးအောက်မြေပြင် ပြိုင်ဘက်ကင်းစက် " ဒုရဂ္ဂစက် " ဟု လည်း ခေါ်တွင် ကြသေး၏။

- ဘုရင်တစ်ပါးသည် အခြားဘုရင်တစ်ပါး၏ ခံတပ်ကို ဖြိုခွင်းနိုင်မ ည်လား - ဘုရင်တစ်ပါး အနေဖြင့် ယခုအခါတွင် ဝင်ရောက် တိုက်ခိုက် စီးနင်းခြင်းဖြင့် အောင်ပွဲရနိုင်မည်လား။ စသည် တို့ ကို " ကောဋ္ဌစက် " တွင် ကောဇာဂြိုဟ်များ အနေအထားကို လေ့လာခြင်းဖြင့် သိနိုင်၏။

သို့ရာတွင် အခြားသောကိစ္စရပ်များ တွင် " ကောဋ္ဌစက် " အား လက် တွေ့ အသုံးချရာတွင် အနည်းဆုံးအနေဖြင့် အောက်ပါကိစ္စများ တွင် ပါ မှန်ကန်သည် ကို တွေ့ရ၏။ - အရိဋ္ဌကာလများကို သိနိုင်ခြင်း ( မည်သ ည့်အခါတွင် ကျန်းမာရေးထိခိုက်မည်။ မည်သည့်အခါတွင် မတော်တဆဖြစ်မည်၊ မည်သည့်အခါတွင် ကိုယ်၊ စိတ်မချမ်းမသာ ဖြစ်မ ည်။ မည်သည့်အခါတွင် သေဆုံးမည် ... စသော ) အနေအထားများ သာ မက လက်ရှိ အနေအထားမှ ပြန်လည်နာလန်ထ ကောင်းမွန်လာနိုင်ခြင်းရှိမရှိကို လည်းကောင်း။ ပဋိပက္ခ၊ အမှုအခင်းတို့

တွင် မည်သူနိုင်မည်၊ မည်သူရှုံးမည် ဆိုသည် ကို လည်းကောင်း။ - မည်သည့် အချိန်အခါကိုရွေး၍ အမှုရင်ဆိုင်သင့်သည် ၊ သို့မဟုတ် ရန်သူ့စခန်းကို စီးနင်းသင့်သည် ကို လည်းကောင်း၊ စိန်ခေါ်သူတစ်ဦး၊ ကာကွယ်သူတစ်ဦးရှိသော မည်သည့် အနေအထားများ - ဥပမာအစိုးရ ပြုတ်ကျမကျစသည် တို့ ကို သိရှိနိုင်ခြင်း။ - ယခုခေတ် လူသားများ အနေဖြင့် - ဘဝလမ်းကြောင်း အလုပ်အကိုင် ခရီးလမ်းတွင် တွေ့ကြုံနိုင်သော အကောင်းအဆိုး အနေအထားများကိုပါ သိရှိနိုင်ခြင်း။။

ဤစာအုပ်ကို ရေးရခြင်း၏ ရည်ရွယ်ချက်မှာ အထက်ပါကိစ္စရပ်များ အတွက် " ကောဋ္ဌစက် " အား အသုံးပြုနည်းကို ရှင်းပြလို၍ ဖြစ်၏။ မူလဇာတာ၊ ဒသာနှင့် ယှဉ်သော် ဒုတိယနေရာ ရောက်သွားရသည့် ကောဇာအား - တွဲဖက်ပေါင်းစပ်သုံးပုံ အမျိုးမျိုးနှင့်တကွ - မူလဒသာ၊ အန္တရဒသာတို့ ကို ဟောပြောခြင်း ဥပဒေသများ ပါ ပါဝင်သည် ။

အထက်ပါ ရည်ရွယ်ချက်အတိုင်း - အခန်း၂ - တွင် " ကောဋ္ဌစက် " ကိုပြင်ဆင်ပုံ - ၎င်းတွင် ပါဝင်သော အစိတ်အပိုင်းများ ၊ " ကောဋ္ဌသာမိ " " ကောဋ္ဌပါလ " သဘောတို့ အပါအဝင်နည်းစနစ်နှင့် သဘောတရားများကို ရှင်းလင်းဖော်ပြပေးထား၏။ " ကောဋ္ဌစက် " တွင် ကောဇာစီးနင်းခြင်း ဆိုင်ရာအဟော ဥပဒေသများကို အခန်း ၃ တွင် ရှင်းပြပေးထားပြီး - ရှုပ်ထွေးမှုမဖြစ်စေရန်အတွက် - ဤအခန်းတွင် ဒသာကိစ္စကို မဆွေးနွေးပေးပါ။

အခန်း ၄ - တွင် မူ ဒသာနှင့်တကွ အသေးစိတ် လေ့လာခြင်း၊ ပုံမှန်ကောဇာနှင့် " ကောဋ္ဌ စက် " အရ - ကျန်းမာရေး အကောင်းအဆိုး၊ ဥပစ္ဆေဒကကံ - သေဆုံးခြင်းဆိုင်ရာများကို ဖော်ပြပြီး - သက်ဆိုင်ရာအခြေအနေတို့ အတွက်အထူးဥပဒေသများကိုပါ ရှင်းပြပေးထားပါသည် ။။

အခန်း ၆ - တွင် မူ " ကောင်္ဒမစက် " အား ပဋိပက္ခ၊ အမူအခင်း၊ အစိုး ရပြုတ်ကျခြင်း စသည် တို့ အတွက် အသုံးပြုခြင်းကို ဖော်ပြပြီးအခန်း ၇ - တွင် စုပေါင်းသုံးသပ် နိဂုံးချုပ်ပါ သည် ။ အသုံးပြုသော ဥပဒေသများ အားလုံးကို ဇာတာများ တွင် ရှင်းလင်းစွာ ဖော်ပြပေးထားပါသည် ။

**နျူမာန် ( မိုးတား )**

*****